
စိတ်ကူးချိုချိုအနုပညာ

mgyoe.com



# ရွှေဥဒေါင်း

## ရွှေမန်းဖြစ်ထွေ

ဆောင်းပါးများ

mgyoe.com

စိတ်ကူးချိုချိုထုတ်ဆောင်းပါးပေါင်းချုပ်များတွင် မပါဝင်သေးသော ဆောင်းပါးများ

mgyoe.com

ရွှေမန်းပြစ်တွေ ဆောင်းပါးများ ရွှေဥဒေါင်း
မျက်နှာဖုံးပန်းချီ- တော်တီဆွေ
စာမျက်နှာ ၆၀+ မျက်နှာ၊ ၁၃ စင်တီ× ၂၀ • ၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ရွှေမန်းဖြစ်တွေ ဆောင်းပါးများ

ရွှေဥဒေါင်း

ပထမအကြိမ်၊ ၂၀၀၉

mgyoe.com

mgyoe.com

## မာတိကာ


အတွေ့အကြုံ

၁။ မနေ့က မန္တလေး၊ ယနေ့ မန္တလေး ၁

၂။ ရွှေမန်းဖြစ်ထွေ ၁၅

စာပေ

၃။ Copyright ခေါ် မူပိုင် ပြဿနာ ၂၇

၄။ စာပေလေ့လာခဲ့ပုံ ၃၀

၅။ ဟာသ၏စည်းကမ်းချက်များ ၄၀

၆။ ခေါင်းကြီးရေးဖို့ကြောက်ခြင်း ၄၂

၇။ အယ်ဒီတာချုပ်လုပ်ချင်သူများ ၄၉

ယုံကြည်မှု

၈။ ရွှေဥဒေါင်း၏နောက်ပိတ်ဆုံး ၅၄

လူမှုရေး

၉။ သတို့သမီးတို့ဆင်ခြင်စရာ ၅၈


❑

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com



## အမှာစာ

ဆရာကြီး ရွှေဥဒေါင်း၏ ယခုဆောင်းပါးများမှာ စိတ်ကူးချိုချိုတိုက်ထုတ် ဆောင်းပါးပေါင်းချုပ်များတွင် မပါဝင်သေးသော ဆောင်းပါးလက်ကျန်စု ဖြစ်ပါသည်။

စာဖတ်သူများ ဖြည့်စွက်ဖတ်ရှုနိုင်ကြရန် ရည်ရွယ်ပါသည်။

ဆရာကြီးရွှေဥဒေါင်း၏ ဆောင်းပါးများမှာ စုစည်းရမိသလောက် ဖြည့်စွက် ထုတ်ဝေခဲ့ကြရခြင်းများကြောင့် အကြောင်းအရာထွေပြား၊ အထူအပါး ကွဲပြားလျက်ရှိလေရာ ယခုအခါ ပြန်လည်၍ စနစ်တကျ စုစည်းလျက်ရှိပြီး မကြာမီတွင် ရွှေဥဒေါင်း၏ "စာပဒေသာပေါင်းချုပ်" စာအုပ်ကြီး ထွက်ရှိလာရန် ရှိပါကြောင်း။

**စိတ်ကူးချိုချိုစာအုပ်တိုက်**

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



## မနေ့က မန္တလေး၊ ယနေ့ မန္တလေး

မန္တလေး ရာပြည့်ပွဲတော်အတွက် စာစောင်ထုတ်သည်ဆိုလျှင် အသက်အကြီးဆုံးအဖြစ်နှင့် အသက်ရှင်လျက်ရှိသည့် မန္တလေးသား စာရေးဆရာတစ်ဦးဖြစ်သည့်အလျောက် မန္တလေး ရွှေမြို့တော်ကြီးနှင့်ပတ်သက်သည့် ဆောင်းပါးတစ်ပုဒ်ရေးဖို့ ကျွန်ုပ်၌ တာဝန်ရှိသည်ဟု စဉ်းစားမိသည်။ ယင်းသို့ ရေးသားရာ၌ မန္တလေးမြို့ အတ္ထုပ္ပတ္တိဆိုပါလျှင်လည်း ရွှေကိုင်းသား၏ စာအုပ်ကြီးတွင် လိုလေသေးမရှိ ဆိုရမလောက် ပြည့်စုံလုံလောက်စွာ ဖော်ပြပါရှိပြီး ဖြစ်ပါသောကြောင့် မန္တလေးမြို့၏အကြောင်းခြင်းရာ မဟုတ်ဘဲ မန္တလေးမြို့ကြီးအား ကျွန်ုပ်မြင်ပုံ အခြင်းအရာကိုသာ ဖော်ပြလိုပေသည်။ ဤဆောင်းပါးကို ဖတ်ရှုသူများက 'မန္တလေးမြို့အကြောင်း ရေးမလားမှတ်တယ်၊ သူ့အကြောင်းတွေရေးပြီး ကိုယ်ရည်သွေးမှာ ထင်ပါရဲ့'ဟု အထင်မရောက်ကြဖို့ သတိပေးလိုပါ၏။ မြင်သောအခြင်းအရာကိုတင်ပြလျှင် မြင်သူ၏ အကြောင်းခြင်းရာကိုလည်း တင်ပြပါမှ သဘာဝကျပေလိမ့်မည်။ ယင်းသို့ တင်ပြရာတွင်လည်း မိမိနှင့်ပတ်သက်၍ ကောင်းသော အချက်အလက်များဖြင့် အထင်ကြီးခြင်းခံလို၍မဟုတ်ဘဲ ညံ့ဖျင်းနုံချာသော အကွက်များလည်း ပါရှိမည်ဖြစ်ပါသောကြောင့် 'ကိုယ်ရည်သွေးခြင်း' တည်းဟူသော စွပ်စွဲချက်မျိုးမှ လွတ်ကင်းတန်ရာသည်ဟု မျှော်လင့်ရပေသည်။

mgyoe.com

mgyoe.com


## နှစ်ကဏ္ဍပိုင်းခြားခြင်း

'ကျွန်ုပ်၏အမြင်'ကို တင်ပြရာ၌ ကျွန်ုပ်အကြောင်းကိုလည်း အနည်းငယ် ဖော်ပြပါမှ အကွက်လည်မည်ဖြစ်ရာ ကျွန်ုပ်မှာ အသက် ၇၀ ရှိသည့်အနက် ၂၅ နှစ်မျှသော အချိန်ကို ရန်ကုန်မြို့၌ ကုန်လွန်စေခဲ့၏။ ကြွင်းကျန်သော အချိန်ကာလမှာ အများအားဖြင့် မန္တလေးမြို့တွင် နေထိုင်ရသူဖြစ်ပါသည်။ အဆိုပါ နှစ်ပေါင်း ၇၀ အနက်တွင်လည်း အသက်တာ၏ ပထမပိုင်းနှင့် နောက်ပိုင်းတို့မှာ မန္တလေးမြို့တွင် နေထိုင်ရ၍ အလယ်ပိုင်းဖြစ်သော အချိန်ကာလသည်သာလျှင် ရန်ကုန်မြို့၌ နေထိုင်ရခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ မန္တလေးမြို့အား ကျွန်ုပ်၏အမြင်မှာ လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော် ကာလကတစ်ပိုင်း၊ စစ်ကြီးပြီးဆုံးသည့် ဤနောက်ကာလ၌ တစ်ပိုင်းဟူ၍ နှစ်ကဏ္ဍ ခွဲခြားဖော်ပြရပေမည်။ ဤတွင် ငယ်ရွယ်စဉ်က (ရှေးခေတ်) မန္တလေးမြို့အခြေအနေနှင့် ငယ်ရွယ်သူ၏ စိတ်ထားအမြင်ကား တစ်ကဏ္ဍ၊ ကြီးပြင်းလာသည့်အခါ (ဤခေတ်) မန္တလေးမြို့ အခြေအနေနှင့် အရွယ်ကြီးရင့်သူတစ်ယောက်၏စိတ်ထား(အမြင်)ကား တစ်ကဏ္ဍဟူ၍ ပေါ်ထွက်လာပါတော့သည်။

## ကိုယ်တော်မှိုင်း၏ ကြိမ်းမောင်းခြင်း

ရှေးဦးစွာ ကျွန်ုပ်၏ ညံ့ဖျင်းမှုတစ်ခုကို ဖော်ပြရသော် ကျွန်ုပ်မှာ မင်းမှုထမ်းများဖြစ်ခဲ့ကြသည့် မိဘနှစ်ပါးတို့မှ ဆင်းသက်ပေါက်ဖွားသူတစ်ယောက်ဖြစ်ပါလျက် သီပေါဘုရင်လက်ထက်က နန်းတွင်းအဖြစ်အပျက်များကို မိဘနှစ်ပါးတို့သည် ကျွန်ုပ်၏ရှေ့မှောက်တွင် အရွယ်ရောက်သော လူကြီးများအား ကြိမ်ဖန်များစွာ ပြောပြဖူးကြသော်လည်း ကျွန်ုပ်ကား စိတ်ဝင်စားခြင်းမရှိသောကြောင့် မှတ်သားထားခြင်းမရှိ။ လက်ဝဲဘက်နားမှကြား၍ လက်ယာဘက်နားမှ ထွက်သွားသည်ဟု ဆိုရလောက်ပေသည်။ ကျွန်ုပ်၏ အယူအဆကား လွန်ပြီးသော အတိတ်ကာလ အခြင်းအရာများကို မှတ်သားထားခြင်းအားဖြင့် အကျိုးမရှိနိုင်ဟူ၍ဖြစ်၏။ ဇာတ်လမ်းဇာတ်ကွက်သဘောသက်ဝင်သည့် အဖြစ်အပျက်မျိုးကိုမူကား စိတ်ဝင်စားတတ်ပါ၏။ မည်သည့်

mgyoe.com

mgyoe.com


အမှုထမ်းက မည်သည့်အမှုထမ်းထက် ကြီးသည်၊ တောင်နန်းမတော်သည် အနောက်နန်းမတော်ထက် ဂုဏ်ကြီးသည် အစရှိသော ဗဟုသုတမျိုးကား တန်ဖိုးရှိသည် မထင်ခဲ့သောကြောင့် လုံးဝ ဂရုမစိုက်ခဲ့ချေ။ ကျွန်ုပ် ရန်ကုန်၌နေစဉ် ကျွန်ုပ်၏ဖခင် အလည်ရောက်လာရာ ကျွန်ုပ်နှင့် လုပ်ဖော်ကိုင်ဖက်ဖြစ်သော ဆရာလွန်း(ယခု ဆရာကြီး သခင်ကိုယ်တော်မှိုင်း)သည် အိမ်သို့လိုက်လာ၍ တစ်ညဥ့်အိပ်ရင်း ဖခင်ထံမှ သီပေါမင်းလက်ထက်ဆိုင်ရာ ဗဟုသုတများကို မေးမြန်းဆည်းပူး၍ အလွန် ကျေနပ်ပုံရ၏။ နံနက်လင်းသောအခါ ဆရာကြီးက ကျွန်ုပ်အား "ဒီလို အဖေမျိုးက မွေးထားပါလျက်နဲ့ ထီးနန်းဗဟုသုတတွေကို မှတ်သားစုဆောင်းမထားတာများတော့ မင့်ကို ငါ ထောင်းချင်သကွာ"ဟု ပြောဖူးလေသည်။

## ရှေးဦးစွာ မှတ်မိသောအခြင်းအရာ

ကျွန်ုပ် လူဖြစ်လာသည်မှစ၍ မန္တလေးမြို့အကြောင်းနှင့် ကျွန်ုပ်၏ဘဝကို ရှေးဦးစွာ မှတ်မိသောအခြင်းအရာသည်ကား သင်္ချိုင်းတော်တံတားမြောက်ဘက် ရွှေတချောင်းမြောင်းပေါင်ရှိ မဲအိုးတန်းရပ်ကွက် ပေပင်ကြီးသုံးပင်အောက်၌ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်ပေတည်း။ အချိန်ကာလကား မြန်မာသက္ကရာဇ် ၁၂၅၅–၅၆ ခုနှစ် (၁၈၉၃–၉၄) ညနေခင်းအချိန်ဖြစ်၏။ ထိုညနေ၌ ကျွန်ုပ်သည် လေးငါးနှစ်သားရှိ ရွယ်တူကလေးများနှင့် ရွှေတချောင်းမြောင်းပေါင်တွင် ကစားလျက်ရှိရာ ကစားနည်းမှာ လှည်းလမ်းကြောင်းကို ကားရားခွလျက် တောင်ဘက်သို့ မျက်နှာမူရာမှ ရုတ်တရက်ခုန်၍ မြောက်ဘက်သို့ မျက်နှာမူစေရန်၊ ထိုနောက်တစ်ဖန် မြောက်ဘက်မှ တောင်ဘက်သို့ မျက်နှာမူစေရန် အကြိမ်ကြိမ် အဖန်ဖန် ပြုလုပ်ကြခြင်းပင် ဖြစ်လေသည်။ (ဤခေတ်၌ ၎င်းဆော့နည်းနှင့် များစွာသော အခြားကစားနည်းတို့မှာ ကွယ်ပျောက်သွားကြကုန်လေပြီ။) ယင်းသို့ ကစားကြစဉ် ကျွန်ုပ်မှာ ဟပ်ထိုးလဲကျ၍ မေးစေ့နှင့် မြေကြီးရိုက်ပြီးလျှင် သွေးအမြောက်အမြား ပန်းထွက်ခြင်းကို ယခုတိုင် မှတ်မိသေး၏။ ထိုစဉ်က ရရှိခဲ့သော 'အမာရွတ်'မှာ ယနေ့တိုင် တည်ရှိသေး၍ အစိုးရအမှုထမ်းစဉ်က

mgyoe.com

mgyoe.com


အမှုထမ်းစာအုပ်တွင် 'ထင်ရှားသော အမှတ်အသား'ဟူသော ဇယား ကွက်၌ 'မေးစေ့အောက်တွင် အမာရွတ်တစ်ခု'ဟူ၍ ရေးမှတ်ဖော်ပြခဲ့ရပါ သေးသည်။ ဤသည်ကား လူ့ဘဝတွင် ပထမဦးဆုံး မှတ်မိသော အခြင်း အရာဖြစ်၍ သေသည်အထိ မေ့နိုင်မည်လည်းမဟုတ်၊ (ပျက်နိုင်မည်လည်း မဟုတ်သည့် အမာရွတ်)ပေတည်း။

## ချက်မြှုပ်နေရာ

အထက်ပါ အဖြစ်အပျက်မှာ လေးငါးနှစ်သားအရွယ်က ကျွန်ုပ်တို့ နေထိုင်သော မဲအိုးတန်းရပ်ကွက်၌ ဖြစ်ပျက်သည်ဆိုသော်လည်း ကျွန်ုပ်ကား ၎င်းရပ်ကွက်၌ မွေးဖွားခြင်းမဟုတ်ချေ။ ကျွန်ုပ်၏ ချက်မြှုပ်ဌာနမှာ ဝါးတန်းရပ်နှင့် တစ်စပ်တည်းရှိသော 'ဇချိုင့်'ခေါ် ရပ်ကွက်ဖြစ်၏။ ကျွန်ုပ် မွေးဖွားသည့် မြေကြီးနေရာကို (အိမ်ကားမရှိတော့) မိဘများရှိစဉ်က ပြထားခဲ့ဖို့ ပြောမည်ကြံဖူးသော်လည်း မမေးခဲ့မိချေ။ ထို့ကြောင့် မန်ကျည်းတုံရွာ၌ မင်းလက်ဝဲသုန္ဒရ၏ မွေးနေရာကို စာရေးဆရာကလေးများအား ကျွန်ုပ် ညွှန်ပြဖူးသကဲ့သို့ ကျွန်ုပ်၏ မွေးနေရာကို ညွှန်ပြနိုင်မည့်သူ မရှိတော့ချေ။ အင်္ဂလန်ပြည်၌ ရှိတ်စပီးယား၏ မွေးနေရာဖြစ်သော စတက်ဖို့အွန်အဗွန်း ရွာကလေးကို အင်္ဂလိပ်များ လေးစားကြသကဲ့သို့ ကျွန်ုပ်အား နောင်လာ နောက်သား မြန်မာများက အလေးပြုချင်ဦးတော့ ပြုနိုင်ခွင့်မရှိကြတော့ပြီ။ (တကယ် မဟုတ်ပါ၊ စပ်မိ၍ အလကား ရေးခြင်းသာဖြစ်ပါသည်။ ဘယ်တုံး ကမှ မျှော်လင့်ချက်လည်းမရှိ၊ ဤသို့သော အခြင်းအရာများကို အရသာခံ တတ်သော ဝါသနာရှိသူတစ်ဦးလည်း မဟုတ်ပါကြောင်း။)

## တပြောင်းတည်း ပြောင်းရွှေ့ရခြင်း

မန္တလေးသားများအနက်တွင် ကျွန်ုပ်ကဲ့သို့ ရပ်ကွက်ပေါင်း တော်တော်ကြီး စေ့စုံအောင် နေထိုင်ဖူးသူ ရှားလိမ့်မည်ထင်မိ၏။ မိဘများကား စီးပွားရေး အခြေမခိုင်သည့် လက္ခဏာနှင့် တော်တော်များများ ရွှေ့ပြောင်း ခဲ့၏။ ရှေးဦးစွာ 'ဇချိုင့်'ရပ်ကွက်၌ ကျွန်ုပ်အား မွေးဖွားပြီးနောက် မဲအိုးတန်း၊

mgyoe.com

mgyoe.com


ပဲပုပ်တန်း၊ ယိုင်တန်း၊ ရန်နှင်(ရန်နည်)တံခါး၊ ဂုဏ်တန်၊ ဝက်လက်၊ ဓားတန်း၊ ရန်နှင်တံခါး(ဒုတိယအကြိမ်)၊ အာဋဝီတံခါး စသော ရပ်ကွက်များသို့ အစဉ်လိုက် ပြောင်းရွှေ့နေထိုင်ကြ၏။ မိဘများနှင့်ခွဲ၍ ကျွန်ုပ်အိမ်ထောင်ပြုသောအခါကလည်း မင်္ဂလာတံခါး၊ ဟော်ကုန်း၊ ဓားတန်း(နှစ်ကြိမ်)၊ ဂုဏ်တန်၊ အရာတော်၊ ဆန်တန်း(နှစ်ကြိမ်)၊ အုတ်တန်း စသည့် ရပ်ကွက်များ၌ 'ငှက်ပျောပင်စိုက် မိလိုက်ဖလာ'ဟူသော စကားပုံအတိုင်း တရွေ့တည်း ရွှေ့ပြောင်း၍နေရပြန်၏။ အချို့သူများသည် မန္တလေးသားဆိုသော်လည်း တစ်နေရာ၌မွေး၍ ထိုနေရာ၌ပင် သေကြရလေရာ သူတို့၏နေရာကိုသာ အသေးစိတ် သိနိုင်ကြပေလိမ့်မည်။ ကျွန်ုပ်မူကား အထက်ပါ ရပ်ကွက်များကို အတွင်းသိအနေဖြင့် အသေးစိတ်သိသူတစ်ယောက် ဖြစ်လေသည်။ (ဂုဏ်ယူခြင်းကား မဟုတ်ပါ၊ အခြေစိုက်မှု မခိုင်မြဲခြင်းကိုသာ ဆိုလိုပါသည်)

## ရွှေတချောင်း၏ဆွဲဆောင်ပုံ

မိဘများနှင့် အတူတကွ နေထိုင်ခဲ့ရသည့် အထက်ပါ ရပ်ကွက်များအနက် ကျွန်ုပ်၏စိတ်ထဲ၌ မှတ်သားမိဆုံးသော ရပ်ကွက်မှာ ရန်နှင်တံခါးနှင့် ဂုဏ်တန်ရပ်တို့ဖြစ်၏။ ရန်နှင်တံခါးရပ်ကွက်ကို အထူးမှတ်မိခြင်းမှာ ၎င်းရပ်ကွက်၌ ပျော်ပိုက်လှသောကြောင့်မဟုတ်၊ (စင်စစ်မှာ တော်တော်ကလေးဆင်းရဲသောအပိုင်းဖြစ်၏။) အရာရာကို မှတ်ချင်တတ်သော ကျောင်းသားကလေးအရွယ်ဖြစ်သောကြောင့်ဖြစ်ရာ ဂုဏ်တန်ရပ်ကွက်မှာ လူလားမြောက်စပြုသော လူပျိုပေါက်ကလေးအရွယ်ဖြစ်သောကြောင့် ဖြစ်တန်ရာသည်။ ရန်နှင်တံခါးရပ်ကွက်၌ နေထိုင်လျက်ရှိစဉ် နေအိမ်နှင့် ၁၇'ပြ'ဝေးသော အိမ်တော်ရာဘုရားတောင်ဘက်ရှိ ဒက္ခိဏာဝံတိုက် ဘုန်းကြီးကျောင်းသို့ (ဥပုသ်နေ့များမှတစ်ပါး) နေ့စဉ် ခြေကျင်သွားရ၍ လမ်းခရီး၌ တွေ့မြင်ရသော အခြင်းအရာများသည် ကျွန်ုပ်၏ဦးနှောက်၌ ယနေ့တိုင် မမေ့နိုင်အောင်စွဲလျက် ရှိလေတော့သည်။ နံနက်စောစောကြီး ထမင်းစား၍ အိမ်မှထွက်လာသောအခါ ရွှေတချောင်းမြောင်းပေါင်ရိုးတစ်လျှောက် လမ်းလျှောက်ရခြင်း

mgyoe.com

mgyoe.com

သည် ခြေညောင်းဖွယ်ရာကောင်းသော်လည်း ထိုစဉ်က ရွှေတချောင်းမှာ ကျွန်ုပ်အဖို့ရာ၌ ပျော်စရာကြီးဖြစ်၏။ ပေ ၂၀၀ ခန့် ကျယ်ဝန်း၍ တသွင်သွင် စီးဆင်းသော ရေပြင်ပေါ်တွင် အချို့နေရာများ၌ ပိန်းကောကလေးများ သွားလာလျက်ရှိရာ နှင်းဆီခြံရပ်ကွက်မှစ၍ ဈေးချိုတော်အနီး ဆိုင်းတန်းတံတားသို့ တိုင်အောင် ရေချိုးကြသော ရေဆိပ်ပေါင်း ၆ ဆိပ်ထက်မနည်း ဖြတ်သွားရ၏။ ရေဆိပ်များ၌ ယောက်ျား/မိန်းမ၊ လူကြီးလူငယ် အရွယ်အစားစားတို့သည် ဖွပ်သူဖွပ်၊ လျှော်သူလျှော်၊ ချိုးသူချိုး၊ ကူးသူကူး စသည်ဖြင့် အနည်းနည်း ဖိမ်ခံလျက်ရှိကြရာ (၇ နှစ်သားမှ ၁၀ နှစ်သားအရွယ်အထိ) ကျွန်ုပ်အဖို့မှာ ကြီးလှစွာသော သွေးဆောင်ခြင်းတစ်ရပ် ဖြစ်၏။ ၎င်းအရွယ်တွင် ရေဆိပ်၌ အခြားလူများ ရေချိုးလျက်ရှိခြင်းကိုမြင်ရ၍ ရေမချိုးချင်သော သူငယ်သည် အဘယ်မှာရှိပါသနည်း။ ရေကလည်း ယခုကဲ့သို့ 'ရေဆိုး' မဟုတ်၊ ကြည်လင်၍ တသွင်သွင်စီးသော ရေမျက်နှာပြင်ပေါ်တွင် အချို့နေရာများ၌ စိမ်းလန်းသော မှော်ကလေးများကလည်း တရွှေ့ရွှေ့စီးကာ လိုက်ပါလျက်ရှိ၏။ တစ်ခါတစ်ရံတွင် ကျွန်ုပ်သည် ရှေးဦးစွာရောက်သော နှင်းဆီခြံရပ်ကွက် ရေဆိပ်၌ပင် စ၍ ရေချိုးတော့၏။ တစ်ခါတစ်ရံတွင် ရေဆိပ်နံပါတ် ၂၊ ၃၊ ၄ သို့ ရောက်ခါမှ ရေချိုး၏။ တစ်ခါတစ်ရံတွင် စိတ်ကိုတင်းလျက် ငြင်းခဲ့ပါသော်လည်း နံပါတ် ၆ ဖြစ်သော ဆိုင်းတန်းတံတားရေဆိပ်သို့ ရောက်ခါမှ မအောင့်အည်းနိုင်ဘဲ ရေထဲသို့ ဆင်းပါတော့သည်။

## ချို့ငဲ့ချက်ကြီးတစ်ခု

ဆရာတော်ဘုရားသည် ကျွန်ုပ်ကိုအကြောင်းပြု၍ 'မြစ်၊ ချောင်း အစရှိသည်တို့၌ အုပ်ထိန်းသူမပါဘဲ ရေမချိုးရ'ဟူသော ဥပဒေစည်းကမ်း တစ်ခု ပြုလုပ်ထားရာ (ဥပဒေစည်းကမ်းပေါင်း ၁၃ ခု ရှိ၏။) တစ်ခုခုကို ဖောက်ဖျက်လျှင် အရိုက်ခံရ၏။ ကျွန်ုပ် ရေချိုးခြင်းကိုမြင်သွားသော ကျောင်းသားတစ်ယောက်ယောက်က ဆရာတော်အား လျှောက်ထားသဖြင့် အရိုက်ခံရသော အကြိမ်ပေါင်းမှာ ၁၀ ကြိမ်ထက် နည်းမည်မထင်ပေ။ သို့နှင့်ပင်

mgyoe.com

mgyoe.com


ငါ့အဖို့ အရိုက်ခံစေရသော ရွှေတချောင်းဟူ၍ စိတ်နာခြင်းမရှိဘဲ ရွှေတချောင်း မြောင်းပေါင်သို့ ရောက်သောအခါတိုင်း ရှေးက ရွှေတချောင်းကို အောက်မေ့မိပါသေးသည်။ ဤခေတ် မန္တလေးသား လူငယ်များအဖို့ရာ၌ အခြားနည်းဖြင့် ပျော်စရာများရှိကြသော်လည်း အချိန်မရွေး ဆင်း၍ ရေကူးနိုင်သော ရွှေတချောင်းကြီး မရှိတော့သည့်အတွက် ချို့ငဲ့ချက်ကြီးတစ်ခုအနေဖြင့် ကျွန်ုပ်မြင်မိပါတော့သည်။

## ခြောက်ကပ်ကပ်ရှိသောခေတ်

ကလေးသူငယ်များအဖို့ အခြားသော ချို့ငဲ့ချက်တစ်ခုမှာကား မြင်းရထားနောက်မြီးခိုရန်အတွက် ခုံကလေးများ မပါရှိတော့ခြင်းပင်ဖြစ်၏။ ကျွန်ုပ်သည် နေအိမ်မှ ၁၇ 'ပြ'ဝေးသော ဘုန်းကြီးကျောင်းသို့ နံနက်ခင်းတွင် ရွှေတချောင်း၏ဆွဲဆောင်မှုကြောင့် မြောင်းပေါင်မှ လျှောက်သွားလေ့ရှိသော်လည်း ညနေခင်းတွင် ကျောင်းမှပြန်သောအခါများ၌ ၈၄ လမ်း၊ ၈၃ လမ်းတစ်လျှောက်မှ လျှောက်လာလေ့ရှိ၏။ ထိုအခါများ၌ နောက်သို့ မကြာခဏ လှည့်၍ကြည့်တတ်၏။ အကြောင်းမှုကား မြောက်ဘက်သို့သွားသော မြင်းရထားကို မျှော်ရသောကြောင့်ဖြစ်၏။ မြင်းရထားတစ်စီး လိုက်လာသောအခါတွင် ကျော်လွန်သွားသည့်တိုင်အောင် ဣန္ဒြေမပျက်လျှောက်လာ၍ ကျော်တက်သွားသည်နှင့်တစ်ပြိုင်နက် ကုပ်ကုပ်ကလေးပြေးကာ မြင်းရထားနောက်မြီး၌ ပစ္စည်းများတင်ရန်တပ်ထားသော ခုံကလေးပေါ်သို့ ဝမ်းလျားမှောက်လျက် ခိုစီးရလေသည်။ ပထမ၌ ဣန္ဒြေနှင့် အခြေမပျက် လမ်းလျှောက်ရသေးခြင်းမှာလည်း အဓိပ္ပာယ်ရှိ၏။ မြင်းရထားကုလားသည် ကောင်ကလေးများ၏ 'နောက်မြီးခိုစီး'တတ်သော အလေ့အကျင့်ကိုသိ၍ ကျွန်ုပ်အနီးသို့ရောက်သောအခါ မျက်စောင်းထိုးကာ ကြည့်တတ်ကြပေရာ ကျွန်ုပ်က 'မင့် ရထားကို ငါလိုအကောင်က မစီးပါဘူးကွ'ဟူသော အမူအရာမျိုးနှင့် ဣန္ဒြေလုပ်ရခြင်းဖြစ်၏။ အထင်အရှား ခိုစီးပါမူကား ရထားနောက်မြီးသို့ လှမ်း၍ ကျာပွတ်နှင့် ရွမ်းခနဲ ရိုက်လိုက်မည်ဖြစ်လေသည်။ သို့နှင့်ပင် တိတ်တဆိတ် ခိုစီးခိုက်တွင် အခြားကောင်ကလေးတစ်ယောက်

mgyoe.com

ယောက်က 'ဟေး... ဂယ်ရီဝါလား၊ ချွတ်ကရားဟဲ'ဟု ပြောလိုက်သဖြင့် ရုတ်တရက် လျှောဆင်းလျှင်ဆင်း၊ မဆင်းနိုင်လျှင် ရွှမ်းခနဲ ကျောပွတ်ရောက်လာ၍ ကျောပြင်နှင့်နောက်စေ့တို့တွင် ပူခနဲ ခံရတတ်လေသည်။ ကုလားအားဝမ်နင်ပေးသော ကောင်ကလေးသည် ရွယ်တူချင်းဖြစ်ခဲ့လျှင်လည်း မြင်းရထားမှ လျှောဆင်း၍ တစ်ချီတစ်ပွဲ သတ်ပုတ်ခဲ့ရသေး၏။ ဤခေတ်၌ကား အနည်းငယ်မျှကျန်ရှိသော မြင်းရထားများ၌ နောက်မြီးခိုစရာ ခုံလည်းမပါ။ မြင်းလှည်းနှင့်ဆိုက်ကား၊ မော်တော်ကားများသာ ရှိကြသည်ဖြစ်သောကြောင့် ဤခေတ် ကောင်ကလေးများမှာ ကျွန်ုပ်တို့ခေတ်ကကဲ့သို့ ယာဉ်အချောင်စီးစရာလည်းမရှိ၊ သည်းတုန်အူခိုက် ရင်ဖိုလှိုက်စရာလည်း မရှိတော့ဘဲ ခြောက်ကပ်ကပ်နှင့် ခြေကျင်လျှောက်ရှာကြရလေတော့သည်။

**ကစားနည်းအမျိုးမျိုး**

ထို့ပြင် ကျွန်ုပ်တို့ငယ်စဉ်က မန္တလေးသား ကလေးသူငယ်တို့ ပျော်စရာကစားနည်းကလေးများလည်း ဖော်ပြလိုသေး၏။ မန္တလေးမြို့၌ ကျွန်ုပ်တို့ငယ်စဉ်က ကလေးသူငယ်များ ကစားကြသည့် 'ဆော့'နည်းများမှာ ယခုခေတ်၌ မြင်တွေ့ရခဲလှ၍ ကွယ်ပျောက်ကုန်ကြပြီထင်မိ၏။ ကလေးများအလွန်ပျော်တတ်ကြသည့် 'ထုပ်ဆီးတမ်း'ကစားနည်းမှာ လမ်းများပေါ်၌ ယာဉ်အသွားအလာအားကြီးမှုကြောင့် ကွယ်ပျောက်လုမတတ် ရှိနေလေပြီ။ ထိုမှတစ်ပါး ကြက်ထုပ်ပစ်ခြင်း၊ ဖန်တို့ခြင်း၊ ဖန်ခုန်ခြင်း၊ ညောင်ပင်တစ္ဆေကစားနည်း၊ ပုဏ္ဏားတိုင်မေးခြင်း၊ မီးခိုးကြွက်လျှောက်လိုက်ခြင်း၊ အဝတ်စုတ်ဘောလုံးကန်ခြင်း၊ စွတ်ကပါစိန်ပါစိကစားနည်း၊ လက်ဖက်တစ်ရိုး နှမ်းတစ်ရိုးကစားနည်း၊ 'ဝါတစ်ပေါက်မှမရခင် ဆင်တွေလာလို့ ဂူးဝဲဂူးဝဲ' ကစားနည်း၊ တူတူပုန်းသောကစားနည်း စသည်တို့မှာ ဤခေတ်၌ ကွယ်ပျောက်ကုန်ကြလေပြီ။ လိုက်တမ်း ပြေးတမ်းကစားနည်းပင်လျှင် တွေ့မြင်ရခဲလှလေပြီ။ ကလေးကြီးများအဖို့ရာ၌ ဤခေတ်တွင် တင်းနစ်ရိုက်ခြင်းနှင့် ကြက်တောင်ရိုက်ခြင်းများ တိုး၍လာသော်လည်း ကလေးငယ်များအတွက်မှာမူ သူငယ်ဘာဝ ပျော်ရသော ကစားနည်းတွေ ပျောက်ကွယ်ခြင်းသည်

mgyoe.com

mgyoe.com


ညဏ်ထိုင်းစေဖို့ အကြောင်းတစ်ရပ်ဖြစ်သည်ဟု ထင်မိသည်။

## ပွဲမပြတ်သောခေတ်

လူပျိုပေါက်နှင့် လူပျိုကလေးအရွယ်များအတွက် ပျော်စရာများကိုလည်း ဖော်ပြလိုသေး၏။ ကျွန်ုပ်တို့ငယ်စဉ်က ကြည့်ခဲ့ရသော 'မြေဝိုင်းဇာတ်'များသည် ကွယ်ပျောက်ကုန်လေပြီ။ ၎င်းတို့နေရာတွင် ဇာတ်ရုံဖြင့်ကပြရသော ဇာတ်ကြီးများ ပေါ်ပေါက်လာသဖြင့် မြေဝိုင်းဇာတ် ကွယ်ပျောက်ခြင်းအတွက် နှမြောစရာမရှိခြင်းကို ဝန်ခံပါသည်။ ရုပ်သေးများ ကွယ်ပျောက်လုမတတ် ရှိခြင်းကိုမူကား နှမြောမိပါသေးသည်။ အဟုတ်တကယ် အသံကောင်းသူများမှာ ရုပ်သေးမင်းသား၊ မင်းသမီးများ၌သာ တွေ့ရတတ်ပေရာ ကျွန်ုပ်တို့ခေတ်က ရုပ်သေးဆရာများဖြစ်ကြသော ဆရာပု၊ စပယ်သက်ကြီး၊ ကိုဘကျော်၊ ကိုဖူးညို စသူတို့၏အသံမျိုးမှာ ဤခေတ်၌ တစ် ယောက်မျှပင် မပေါ်လာတော့ချေ။ ဤခေတ် ရုပ်သေးဆရာများအနက်တွင် ရွှေဘိုတင်မောင်တစ်ယောက်သာလျှင် အကောင်းဆုံးလုပ်၍ နေကြရ၏။ ထိုခေတ်၌ မန္တလေးမြို့တွင် ပေါ်များလိုက်သည့် ပွဲများကလည်း ဘယ်ညဉ့်မျှ ပြတ်တော့သည်မရှိချေ။ ကျွန်ုပ်တို့ လူပျိုကလေးဘဝ၌ ညဉ့်နက်အောင် စရုံးကာ စကားပြောကြပြီးနောက် ပွဲကြည့်ဖို့ စိတ်ကူးကြရသည်တွင် မြေကြီးသို့ နားဖြင့်ကပ်၍ ထောင်လိုက်သဖြင့် ဆိုင်းသံကြားရာသို့ လိုက်သွားကြရာ မြို့၏အစွန်အဖျားဖြစ်သော အီကင်းသို့ရောက်၍ ဆရာပု၏ ရုပ်သေးနှင့် တွေ့ရသော အခြင်းအရာကို မှတ်မိပါသေးသည်။ (ခရီးမှာ သုံးမိုင်ခန့် ရှိပါလိမ့်မည်)

## ရွှေစာရံဘုရားပွဲ

ဆွမ်းတော်ကြီးကပ်ပွဲများနှင့် တောင်ပြုး၊ ရတနာဂူ နတ်ပွဲများမှာ ဤခေတ်တိုင် စည်ကားလျက်ရှိခြင်းကား ဟုတ်ပါ၏။ သို့ရာတွင် ဤခေတ်ပွဲများမှာ ရှေးခေတ်ပွဲများကဲ့သို့ ပျော်စရာမကောင်းတော့ပေ။ ဘုရားပွဲတော်များအနက် ရွှေစာရံဘုရားပွဲ၊ တောပုဘုရားပွဲ စသည်တို့မှာ လည်းတအိအိနှင့်

mgyoe.com

mgyoe.com


မောင်းနှင်ရသဖြင့် နှစ်ရက်သုံးရက်လုံးလုံး ပျော်၍မဆုံးရှိကြ၏။ ဤခေတ်ဦးမှ မော်တော်ကားနှင့် ရွှတ်ခနဲသွား၍ ရွှတ်ခနဲ ပြန်ရောက်သဖြင့် ပျော်လိုက်စရာ ဘာမျှမတွေ့ရပေ။ ရေးတုန်းကဆိုလျှင် အရဏ်တက်ချိန်၌ ရွှေစာရံမုန်တောသို့ နွားလှည်းတွေ တသီတတန်းကြီး ရောက်သွားကြ၍ အငွေ့ချောင်းချောင်းရှိသော ဆင်ရိုင်းချေးများကို တွေ့ကြရသည်တွင် ဇရာမစွန့်စားခန်းကြီးသဖွယ် တုန်လှုပ်ချောက်ချားကြရလေသည်။ (တုန်လှုပ်ချောက်ချားခြင်းသည် ပျော်စရာလောဟုမေးလျှင် ပျော်စရာဟု မဆိုနိုင်စေကာ အရသာတစ်မျိုးရှိသည်ဟု ဖြေဆိုရပေမည်။)

**တောင်ပြိုးပွဲ**

တစ်ဖန် တောင်ပြိုးပွဲတွင် (အရှင်နှစ်ပါးပွဲတော်ဟု ခေါ်ကြသည်)ကို ကြည့်ပြန်လျှင်လည်း ရှေးခေတ်နှင့် ဤခေတ် ပျော်စရာမှာ ပါစင်အောင် ကွာခြားလှပေသည်။ ကျွန်ုပ်တို့ငယ်စဉ်က လှည်းဖြင့်လည်းကောင်း၊ လှေဖြင့်လည်းကောင်း သွားကြရာတွင် လှေပေါ်ကလူနှင့် လှည်းပေါ်မှလူများသည်လည်းကောင်း၊ လှေနှင့်လှေချင်း အသွားအပြန်၊ လှည်းနှင့်လှည်းချင်း အသွားအပြန် လူများသည်လည်းကောင်း ကျီစယ်နောက်ပြောင်ကြခြင်းများမှာ တကယ်ပျော်စရာကြီးဟု ယူဆကာ အပြန်အလှန် သည်းခံတတ်ကြ၏။ မောင်နှင့်နှမ မကြားဝံ့မနာသာသော ကျီစယ်လုံးများပါရှိသော်လည်း ဤပွဲအကြောင်းကို သိကြပြီးဖြစ်ကြ၍ မောင်နှင့်နှမ အတူတူ မသွားကြချေ။ မူးယစ်သောက်စားတတ်သူ အချင်းချင်းမှတစ်ပါး ယောကျ်ားနှင့်မိန်းမ ကျီစယ်မှုကြောင့် ခိုက်ရန်ဖြစ်ပွားသည်ဟူ၍ အလွန်တရာ နည်းပါးလှသည်။ ကျွန်ုပ်သည် နတ်ကို အလေးပြုသူတစ်ယောက်မဟုတ်သော်ငြားလည်း ပျော်ပွဲတစ်ခုအနေဖြင့် ဆုတ်ယုတ်လာခြင်းကိုကား နှမြောမိပါသေးသည်။

**ဤခေတ် မန္တလေး**

ရှေးခေတ် မန္တလေးအကြောင်းကို ဤမျှနှင့်ရပ်တန့်၍ စစ်ပြီးသည့်နောက် မန္တလေးသို့ ကျွန်ုပ်ပြန်ရောက်သောအချိန်မှ စ၍တွေ့ရသော မန္တလေး

mgyoe.com

mgyoe.com


အကြောင်းကို ဖော်ပြရပေဦးမည်။ ရောက်ခါစ၌ ဗရချာစိုင်းအောင် ပျက်စီးနေသော မန္တလေးကိုတွေ့ရပြီးနောက် ဤနောက်ပိုင်းတွင် အတော်ကလေး စည်ကားတိုးတက်လာခြင်းများကို တွေ့ရပါ၏။ အချို့သော လမ်းကြီးများ၌ အဆောက်အအုံကြီးများမှာ ရှေးကထက် ကြီးမားကောင်းမွန်ကြပါပေ၏။ သို့ရာတွင် လမ်းမကြီးများ၏ နောက်၌ရှိသော 'လေးစိတ်ဝင်း'များအနက် အမြောက်အမြားမှာ ဟောင်းလောင်း ဆိုရမတတ် ရှိကြသေး၏။ လမ်းကြီး လမ်းကျယ်များ၌ အကွက်ကောင်းများတွင် ကျေးရွာများမှ လူရည်တတ်များ နှင့် နိုင်ငံခြားသားများ၏ အဆောက်အအုံကြီးများ ဖြစ်ပေါ်လာကြ၏။ ဤခေတ်၌ မန္တလေးမြို့တွင် စီးပွားရေးသမားများ ကြီးပွားလာကြ၍ လက်လုပ်လက်စား အလုပ်သမား လူတန်းစားမှုကား ရှေးကထက် ကျပ်တည်းလာကြသည်ဟု သတိပြုမိသည်။ ကျပ်တည်းရခြင်းမှာလည်း အောက်ပါအကြောင်းများကြောင့်ဟု ကျွန်ုပ် စဉ်းစားမိသည်။

## အလုပ်သမားလောက

ကျွန်ုပ်ငယ်စဉ်က အလုပ်သမားဆိုလျှင် ယောကျ်ားငါးမူး၊ မိန်းမငါးပဲမျှလောက်သာ ရရှိကြ၍ ဤခေတ်တွင်မူကား ယောကျ်ား သုံးလေးငါး ကျပ်၊ မိန်းမ နှစ်ကျပ်၊ သုံးကျပ်ရကြသော အလုပ်သမားများမှာ မရှားလှချေ။ အလုပ်အကိုင်ဆိုလျှင်လည်း ရှေးကထက်ရှားသည်ဟု မဆိုနိုင်ပါ။ သို့ပါလျက် ၎င်းတို့၌ ကျပ်တည်းကြရခြင်းမှာ ငွေတန်ဖိုးဆုတ်ယုတ်ခြင်း၊ သို့မဟုတ် ကုန်ပစ္စည်းများ ဈေးနှုန်းကြီးမြင့်ခြင်းသည် အကြောင်းတစ်ရပ် ဖြစ်သော်လည်း အခြားသော အကြောင်းကြီးတစ်ခုလည်း ရှိသေး၏။ ၎င်းကား ထိပ်တန်းဖြစ်သော စီးပွားရေးသမားများကို တုပသည့် လက္ခဏာနှင့် အလုပ်သမားများကလည်း လှလှဝတ်ချင်၍ မြက်မြက်စားချင်တတ်သော အလေ့အကျင့် ပေါ်ပေါက်လာခြင်းပင်ဖြစ်လေသည်။ တိုတိုတုတ်တုတ် ဖော်ပြရသော် 'အကောင်းကြိုက်'လာကြခြင်းဖြစ်၏။ စီးပွားရေးသမားများအဖို့ အကောင်းကြိုက်လာကြခြင်းကား မထောင်းတာ (ငွေဝင်က အဆမတန်များလာကြသည်။) အလုပ်သမားများ အကောင်းကြိုက်လာကြခြင်းကား

mgyoe.com

mgyoe.com

မကျပ်တည်းဘဲ မနေနိုင်ချေ။ ၎င်းတို့အား ရွှေ့တာကြဖို့ တရားဟောခြင်း မဟုတ်၊ ဓမ္မတာသဘာဝကို ဖော်ပြခြင်းမျှသာ ဖြစ်ပေသည်။ တစ်နေ့လုံး ပင်ပန်းကြီးစွာ အလုပ်လုပ်ရပြီးနောက် ကော်ဖီကလေးတစ်ခွက်မျှ မသောက်ရဘူးလော၊ ဘိုင်စကုပ်ကလေးမှ တစ်ခါတလေ မကြည့်ရဘူးလောဟု မေးခဲ့လျှင် ဟုတ်ပေသည်ဟူ၍ပင် ဖြေဆိုရပေမည်။ ရှေးက အလုပ်သမားများကား လက်ဖက်ရည်ကြမ်းနှင့် ကျေနပ်ကြ၍ ရုပ်ရှင်ကားများကြည့်စရာ မရှိခြင်းလည်း မှန်ပေသည်။

## ထင်ရှားသော ရွှေမန်းသားများ

ကျွန်ုပ်ငယ်ရွယ်စဉ်က တွေ့ရသော မန္တလေးမြို့နှင့် မန္တလေးသူ မန္တလေးသားများအကြောင်းအပြင် ဤခေတ်တွင် တွေ့မြင်ရသော မန္တလေးမြို့နှင့် မန္တလေးသူ၊ မန္တလေးသားများအကြောင်းကိုဖော်ပြပြီးနောက် မန္တလေးသူ မန္တလေးသားများနှင့် အခြားသော မြို့သူမြို့သား (ရန်ကုန်အပါအဝင်)တို့၏ ခြားနားသော အခြင်းအရာများကို ဖော်ပြရပေဦးမည်။ ရှေးဦးစွာ ဝတ်ပုံစားပုံကို ဖော်ပြလို၏။ ကျွန်ုပ်တို့ငယ်စဉ်က ရန်ကုန်သားတစ်ယောက် မန္တလေးသို့ ပြောင်းရွှေ့လာသည်ဖြစ်စေ၊ ခဏတစ်ဖြုတ် အလည်အပတ်လာရောက်သည်ပင်ဖြစ်စေ ကျွန်ုပ်တို့ ကာလသားများက ငေးကြည့်ကြရ၍ ဤလူကား အောက်သား (ရန်ကုန်သား)ဖြစ်သည်ဟု ပိုင်းခြားပြောဆိုနိုင်ကြလေသည်။ သာမန် အောက်သားတစ်ယောက်သည် ရန်ကုန်သားစစ်စစ် တစ်ယောက်ကဲ့သို့ စတိုင်မကျတတ်သော်လည်း မန္တလေးသားမဟုတ်ခြင်းကိုမူ ကျွန်ုပ်တို့ သိနိုင်ကြ၏။ ရန်ကုန်သားတစ်ယောက်၏ ခေါင်းပုံထုပ်ပုံနှင့် ကိုယ်ဟန်အမူအရာသည်ပင်လျှင် မန္တလေးသားများနှင့် ခြားနားလျက်ရှိ၏။ ဤခေတ်တွင်မူကား မန္တလေးနှင့်ရန်ကုန်တို့မှာ ရှေးကထက် အကူးအသန်း အဆက်အဆံ များပြားလျက်ရှိသည့်ပြင် မောင့်ကျက်သရေ ခေါင်းပေါင်းများကလည်း ယောကျ်ားများ၏ 'အပေါင်းအထုပ်'ကို ယူနီဖောင်းသဖွယ် ရောနှောလိုက်သည် ဖြစ်သောကြောင့် ခွဲခြားပြောဆိုရန် ခဲယဉ်းလျက်ရှိလေပြီ။ မန္တလေးသားများ၏ ထူးခြားချက်တစ်ခုမှာ ဆံပင်အရှည်ထား၍ သျှောင်ထုံး

mgyoe.com

mgyoe.com


သောအခါ၌ 'ကြက်ဖတောင်ယုက်'ဟု ခေါ်ကြသော ဆံအိတ်ကလေး တွဲတွဲ အိအိ ကျလျက်ရှိခြင်းပင် ဖြစ်သည်။ ကျွန်ုပ်နှင့်သိကျွမ်းသော မန္တလေးသား မိတ်ဆွေများအနက် မန်းသားစစ်စစ်အနေဖြင့် ထူးခြားစွာ သိရှိနိုင်သူများ (Typical) ကို စိတ်ထဲ၌ ပေါ်လာသလောက် ဖော်ပြရသော် (၁) အောင် ကုမ္ပဏီမှ ကွယ်လွန်သူ ဦးအောင်ဘ၊ (၂) ရန်ကုန်သို့ရောက်နေသော သွားစိုက်ဆရာကြီး ဦးထောင်ဘို၊ (၃) ရေကြောင်းသယ်ယူပို့ဆောင်ရေးရုံးမှ ပင်စင်စားစာရေးကြီး ဦးဖေကြီး၊ (၄) ခြင်းလုံးအသင်းဥက္ကဋ္ဌ ဦးဘိုကြီးတို့ ဖြစ်ကြလေသည်။ အဆိုပါ ပုဂ္ဂိုလ်များကား မန္တလေးသားဖြစ်ခြင်းကို အောင်လံနှင့် ကြွေးကြော်နေဘိသကဲ့သို့ ထင်ရှားကြပါပေသည်။

## အပြောအဆို

ပြောပုံဆိုပုံ စကားလုံးအသုံးအနှုန်းနှင့် ပတ်သက်၍လည်း မန္တလေးသူ မန္တလေးသားများသည် (ကျွန်ုပ်တို့ငယ်စဉ်ကမူ) တစ်ပြည်လုံးနှင့်မတူအောင် တစ်မူကွဲပြားခဲ့၏။ ဤအကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်၏ကိုယ်တွေ့အခြင်း အရာတစ်ခုကို သတိရ၍ တင်ပြလိုသေး၏။ ၁၉၁၉ ခုနှစ်လောက်တွင် ရန်ကုန်မြို့၊ ဆူးလေဘုရားလမ်းရှိ သူရိယတိုက်အပေါ်ထပ်၌ အစည်းအဝေး တစ်ခု ကျင်းပရာ ဦးချစ်လှိုင်၊ ဦးဘဖေ၊ ဦးသိန်းမောင်၊ ဦးသင်းမောင် အစရှိသော ပုဂ္ဂိုလ်ကြီးများလည်း တက်ရောက်ကြ၏။ ဆရာကြီး သခင်ကိုယ် တော်မှိုင်း(ဆရာလွန်း)နှင့် ကျွန်ုပ်တို့လည်း နားထောင်လျက်ရှိကြ၏။ ၎င်း အစည်းအဝေး၌ မန္တလေးမြို့မှ စီပီဦးခင်မောင်လည်း စကားပြောလေရာ အစည်းအဝေးပြီးသောအခါ ဆရာကြီးက 'မောင်တို့ မန္တလေးသားက စကား ပြောပုံ ကောင်းပါပေ့ မောင်ရာ၊ ဒီက ခွေးမသားတွေ တစ်ကောင်မှ လိုက် မမီဘူး'ဟု ကျွန်ုပ်အား ပြောဖူးလေသည်။ ဆရာကြီးမှာ မြန်မာစကားအသုံး အနှုန်းနှင့်ပတ်သက်၍ 'အရည်ကျိုသောက်သည်'ဟု ဆိုရလောက်အောင် နားလည်သော ပုဂ္ဂိုလ်ကြီးဖြစ်ပေရာ ၎င်း၏ဝန်ခံချက်ကို ထောက်ခြင်းအား ဖြင့် ရွှေမန်းသားများ၏ ပီယဝါစာဖြစ်အောင် ပြောတတ်ခြင်းကား ယုံမှား ဖွယ်ရာရှိမည်မဟုတ်ချေ။ သို့ရာတွင် ရွှေမန်းသားများသည် နိုင်ငံရေးနှင့်ပတ်

mgyoe.com

mgyoe.com


သက်၍ ရန်ကုန်သားများကဲ့သို့ ဆည်းပူးလေ့လာခြင်းနည်းပါးခဲ့သည့် အတွက်ကြောင့် နိုင်ငံရေးဓာတ်ခံပေါ်၌ မန္တလေးသားများအနက်မှ ထူးထူး ချွန်ချွန် စကားပြောကောင်းသောပုဂ္ဂိုလ်မျိုး မထွန်းကားသေးခြင်းမှာ ဝမ်းနည်း ဖို့ကောင်း၏။ ဝမ္မကထိက ပုဂ္ဂိုလ်များအနက်တွင်ကား ပေါများလှလေပြီ။

**အရေးအသား**

အရေးအသားနှင့်ပတ်သက်၍လည်း မန္တလေးသား စာရေးဆရာများ သည် (ဆရာကောင်း၏ တပည့်မှန်ခဲ့လျှင်) စကားလုံးပီသအောင် ရေးတတ် သည်ဟုဆိုပါက အခြားသော အရပ်သား စာရေးဆရာများက ခံနိုင်ကောင်းမှ ခံနိုင်ကြပေလိမ့်မည်။ ပင်ကိုဉာဏ် ညွှံဖျင်းသောကြောင့် စိတ်ကူးစိတ်သန်း ညံ့လျှင်သာ ညံ့ရမည်၊ စကားအသုံးနှင့်ပတ်သက်၍မူကား မန္တလေးသူ မန္တလေးသားသည် အခြားအရပ်သားများနှင့် ခြားနားခြင်းရှိကြသည်သာ ဖြစ်၏။ မည်သို့ပင်ဖြစ်စေ မြန်မာပြည်၌ နောက်ဆုံး မင်းနေပြည်ဖြစ်ခဲ့သော မန္တလေး ရွှေမြို့တော်သူ ရွှေမြို့တော်သားများသည် မြန်မာစကား အသုံးအနှုန်းနှင့်ပတ်သက်၍ တိကျမှန်ကန်ခြင်းရှိကြသည့်ပြင် ယဉ်ကျေးဖွယ် ရာရှိသော စကားလုံးများကိုလည်း ရွေးချယ်တတ်ကြလေသည်။ ဤ အကြောင်းနှင့်ပတ်သက်၍ 'မန်းသုံး'နှင့် 'အောက်သုံး' စကားလုံးခြားနားပုံ အခြင်းအရာများကို ဆောင်းပါးတစ်ပုဒ် သီးသန့်အနေဖြင့် အလျဉ်းသင့်သော အခါ၌ ရေးသားတင်ပြရန်လည်း အကြံရှိပါသည်။

*[၁၃-၉-၅၉၊ မန်းရာပြည့်မဂ္ဂဇင်းမှ]*

*မန္တလေးမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၉၉။*

❑

mgyoe.com

mgyoe.com

# ရွှေမန်းဖြစ်တွေ

လွန်ခဲ့သော ကမ္ဘာစစ်အတွင်းက မြန်မာပြည်အတွင်း မင်းပြောင်းမင်းလဲ ဖြစ်ခဲ့ရခြင်းများ၏ အစွန်နှုရှည်ကြာပုံကို ပြောဆိုကြရာတွင် 'သင်္ခါရစစ်' လှသည်ဟု ပြက်ရယ်ပြုခဲ့ကြပေရာ လွန်ခဲ့သော နှစ်လခန့်အတွင်း မန္တလေးရွှေမြို့တော်ကြီး၏ မင်းပြောင်းမင်းလဲ လျင်မြန်ခဲ့ပုံများနှင့်နှိုင်းစာသော် ထိုခေတ်က အပြောင်းအလဲများမှာ တည်တံ့ခိုင်မြဲသည့် နိစ္စဓုဝ သဘောများပင် ရှိသကဲ့သို့ မှတ်ထင်ကြရပေတော့သည်။ အကြောင်းမူကား မန္တလေးမြို့ကြီးသည် လွန်ခဲ့သော နှစ်လခန့်အချိန်အတောအတွင်း၌ ဒါဇင်ဝက်ထက်မနည်း မင်းပြောင်းမင်းလဲ ဖြစ်ခဲ့ရသောကြောင့်ပေတည်း။

ဖေဖော်ဝါရီလကုန်ခါနီးတွင် အနီးစခန်း လေယာဉ်ပျံကွင်းကို ကရင်သူပုန်တို့က သိမ်းယူ၍ မကြာမီအတွင်း မေမြို့ကိုပါ ၎င်းတို့ တိုက်ခိုက်သိမ်းပိုက်နိုင်ကတည်းက မန္တလေးမြို့သူ မြို့သားများမှာ ကရင်တို့အရေးကြောင့် နေ့မအေး၊ ညမအေး တပူနွေးနွေးနေခဲ့ကြရလေတော့သည်။ ၎င်းနောက် မတ်လ ၈ ရက်၊ ၉ ရက်နေ့များ၌ ၂၁ မိုင် ရောက်ခဲ့ကြပြီ၊ ၁၇ မိုင်ရောက်ခဲ့ကြပြီ စသည်ဖြင့် သတင်းများ ပေါ်ထွက်လာရာတွင် မြို့ပေါ်မှ တတ်နိုင်သူများသည် စစ်ကိုင်းတောင်ရိုး၊ အမရပူရ၊ မင်းကွန်း၊ ရွှေဘို စသော ဌာနများသို့ အထုပ်အပိုးများနှင့် ရွှေ့ပြောင်းစ ပြုကြသော်လည်း ကျွန်ုပ်တို့မှာ

mgyoe.com

mgyoe.com

စီဒီစီ (မြို့ရွာကာကွယ်ရေး)အဖွဲ့မှ မိတ်ဆွေတစ်ယောက်ထံမှ ကြားသိရသော သတင်းတစ်ခုကြောင့် အခြားလူများ ထိတ်လန့်တုန်လှုပ် ကြသလောက် မထိတ်မလန့်ဘဲ အရဲစွန့်၍ နေနိုင်ခဲ့သေး၏။ ၎င်းသတင်းအဆိုမှာ ရဲဘော် များနှင့် အစိုးရတပ်များသည် ၁၇ မိုင် စခန်းတွင် လမ်းနှစ်ဖက်ကို ညှပ်လျက် အလွန်တရာ ခိုင်မာတောင့်တင်းသော ဌာနတစ်ခုမှ တောင်ကမ်းပါးကြီး များ၏ အကာအကွယ်ကိုယူ၍ လက်နက်အပြည့်အစုံနှင့် စောင့်မျှော်လျက် ရှိကြကြောင်း။ ထိုလမ်းအတိုင်း ရန်သူများ ဆင်းလာခဲ့ပါလျှင် ရန်သူတစ် ထောင်မျှကို လူ ၅၀ မျှလောက်နှင့် ပစ်ခတ်ချေမှုန်းနိုင်မည်ဖြစ်သောကြောင့် ရန်သူကို ကြောက်ဖို့မရှိဘဲ ၎င်းတို့ မလာဘဲနေမှာကိုသာ စိုးရိမ်ရကြောင်းများ နှင့် ကြားသိရလေသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့မှာ ကိုယ်တိုင်မတုန်လှုပ်သည့်ပြင် နီးစပ်သော မိတ်ဆွေများအားလည်း ဤအကြောင်းကို ပြောပြ၍ ရွံ့ကြောက် ခြင်း ပြေပျောက်အောင် ဆောင်ရွက်ခဲ့သေး၏။

ထိုအတောအတွင်း၌ မြို့သူမြို့သားများသည် မိမိတို့အား ကာကွယ် စောင့်ရှောက်ရာတွင် အစိုးရစစ်တပ်ကို အကူအညီပေးပေသော ရဲဘော်များ ဆို၍ စိတ်စေတနာ ဖြူစင်စွာနှင့် ထမင်းထုပ် အစရှိသည့် စားဖွယ်သောက် ဖွယ်များကို ပေးပို့ကြပါပေသည်။ စင်စစ်မှာ အစိုးရတပ်မတော်သားများကဲ့သို့ လခယူ၍ အလုပ်လုပ်သူများ မဟုတ်ကြပေဆို၍ မြို့သူမြို့သားများသည် ပြည်သူ့ရဲဘော်များအပေါ်တွင် အမှန်ပင် ကြည်ညိုလေးစားခဲ့ကြပါပေ၏။ ထိုရက်များအဖို့၌ ပြည်သူ့ရဲဘော်များသည် မန္တလေးမြို့သူ မြို့သားတို့၏ မျက်စိတွင် 'ဟီးရိုး'(လူစွမ်းကောင်းများ) သဖွယ် တင့်တယ် ကြီးကျယ်ခဲ့ ကြပါပေသည်။

မတ်လ ၁၁ ရက်နေ့ နံနက်ပိုင်း၌ကား ကရင်များ ထုံးဘိုသို့ ချဉ်းကပ် လာကြပြီဟု ကြားသိရသဖြင့် ကျွန်ုပ်တို့မှာ ၁၇ မိုင်စခန်းကို မည်သို့သော နည်းဖြင့် ဖြတ်ကျော်ခဲ့ကြလေသနည်းဟု အံ့သြမိတော့သည်။ ရဲဘော်များနှင့် တပ်မတော်သားများ စောင့်မျှော်နေသောဌာနမှာ မော်တော်ကားလမ်းဖြစ်၍ ကရင်များက မီးရထားလမ်းတစ်လျှောက် ဆင်းလာကြခြင်းဖြစ်သည်ဟု ပြောသူကပြော၍ ၎င်းစခန်းကို တပ်မတော်သားများက အလိုအလျောက်

mgyoe.com

mgyoe.com


စွန့်ခွာခဲ့သည်ဟု ပြောသူများက ပြောကြပေရာ မည်သို့ပင်ဖြစ်စေ ကရင်များသည် ထိုစခန်းကို ကျော်လွှန်၍ တောင်ခြေသို့ ရောက်နေကြလေပြီ။ နေ့လယ်ပိုင်းတွင် အောင်ပင်လယ်ကန်ရိုးသို့လည်းကောင်း၊ ရန်ကင်းတောင်ဘက်သို့လည်းကောင်း ရောက်နေကြပြီဟု ထပ်လောင်းကြားသိရပြန်ရာ ကျွန်ုပ်တို့မှာ သတင်းစာထွက်ဖို့လုပ်ငန်းကို (တိုက်ရှင်က လက်မလျှော့သမျှကာလပတ်လုံး) လက်မလျှော့လိုဘဲ သစ္စာရှိစွာနှင့် ဆက်လက်လုပ်ကိုင်ရန် ကြံရွယ်ချက်ရှိသည် ဖြစ်သောကြောင့် သူတစ်ပါးတို့ ပြေးကြသော်လည်း မပြေးဘဲ တောင့်၍ခံခဲ့၏။ မိတ်ဆွေများက အခြေအနေမကောင်းတော့ပြီဖြစ်သောကြောင့် ၎င်းတို့နှင့်အတူ လိုက်ပါရန် သွေးဆောင်ကြသော်လည်း တိုက်ရှင်များနေကြသမျှ နေရဦးမည်ဟု ပြောလိုက်ရပေတော့သည်။

၎င်းနေ့ ညနေပိုင်းတွင် လူထုတိုက်ရှင် ဦးလှက ကရင်များဝင်လာဖို့မှာ သေချာနေသည့်ပြင် ၎င်းတို့လက်အောက်တွင် သတင်းစာထုတ်ဝေရန် ခဲယဉ်းမည်ဖြစ်သောကြောင့် သူကိုယ်တိုင် တိမ်းရှောင်တော့မည်ဖြစ်၍ ကျွန်ုပ်တို့အားလည်း တိမ်းရှောင်ဖို့ အကြံပေးလေတော့သည်။

ညနေ ၄ နာရီခန့်တွင် ကျွန်ုပ်တို့သည် မိတ်ဆွေတစ်ဦးနှင့်တိုင်ပင်၍ ယုတ်စွအဆုံးအားဖြင့် အမရပူရလောက်ဖြစ်စေ ရွှေ့ပြောင်းနေထိုင်ကြဖို့ သဘောတူကြပြီးလျှင် ရုံတော်ကြီးဘက်တွင် ဘတ်(စ်)ကားရှာဖွေကြရာ တစ်စီးမျှ မတွေ့ရချေ။ ထိုအချိန်တွင် မြို့သူမြို့သားများကား ဆီးရွက်ခန့်ပမာဏရှိသော မျက်နှာကလေးများဖြင့် တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်ကာ ကြံရာမရဖြစ်နေကြပေရာ လမ်းများပေါ်တွင် အကြံအစည်အမျိုးမျိုးနှင့် လူးလာခတ်လျက်ရှိသော ပရိသတ်အရေအတွက်မှာလည်း မနည်းလှချေ။ ၎င်းတို့အနက်တွင် အရဲဆုံးသော လူများမူကား ရုံတော်ကြီးလမ်းထောင့်ရှိ ကြံရည်ဆိုင်တွင် အခြေမပျက် ထိုင်နေကြ၍ ပလူပျံသကဲ့သို့ လူးလာခတ် ဖြစ်နေကြသူများအား ကြံရည်ကို တစ်ကျိုက်ချင်းသောက်ရင်း ကြည့်နေနိုင်ကြပေတော့သည်။

ဤအတောအတွင်း ကျွန်ုပ်တို့၏မိတ်ဆွေသည် အခြားမိတ်ဆွေတစ်ဦးထံ ဘတ်(စ်)ကားစုံစမ်းရန် ထွက်သွား၍ ဘတ်(စ်)ကား မရနိုင်ဆို

mgyoe.com

mgyoe.com

သဖြင့် ကျွန်ုပ်တို့ထံ ပြန်လာပြီးလျှင် စိတ်ပျက်စွာနှင့် ပြောပြလျက်ရှိစဉ် လမ်းပေါ်မှ လူများသည် ယောက်ယက်ခတ်ဖြစ်သွား၍ ဒရောမျောပါး ပြေးလွှားကြလေ၏။ မည်သည့်အရပ်မှ မည်သို့ဖြစ်သည်ဟုမေးရန် အချိန်မရသဖြင့် ၎င်းတို့ ပြေးသွားပုံ အခြေအနေကို အကဲခတ်မိရာ အရှေ့ အရပ်မှလူက အနောက် အရပ်သို့လည်းကောင်း၊ အနောက်မှ အရှေ့သို့ လည်းကောင်း၊ တောင်မှမြောက် မြောက်မှတောင်သို့လည်းကောင်း ခြေဦး လှည့်ရာ ပြေးလွှားနေကြပေရကား အစီပွာယ်မရှိသော ပြေးလွှားခြင်းမျှသာ ဖြစ်သည်ဟု သိရှိရပေတော့သည်။ ဤအချိန်တွင် တစ်ယောက်သောလူက 'ကရင်တွေ… ကရင်တွေ' ဟု ပါးစပ်မှ မြည်အော်ရင်း ပြေးသွားသည်ကို ကြားလိုက်ရသဖြင့် ကျွန်ုပ်တို့နှင့် မိတ်ဆွေသည် ဈေးချိုဘက်သို့ ခပ်သုတ်သုတ် လျှောက်သွားကြစဉ် ဇကုမ္ပဏီတိုက်ပိုင်ရှင်က သံတံခါးပိတ်ဆို့ နေဆဲနှင့် ကြုံကြိုက်၍ ၎င်း၏ အဆောက်အအုံထဲသို့ ဝင်ပြေးကြရပေတော့ သည်။

ထိုအတောအတွင်း၌ ဤအိမ် ထိုအိမ် စသည်တို့မှ (လူဆိုးများ မကပ်ဝံ့စေရန်ဆို၍) သေနတ်များ ပစ်ဖောက်လျက်ရှိကြရာ ရုံတော်ကြီးတစ် ဝိုက်မှာ အတော်ပင် ဆူညံသွားလေတော့သည်။ ထိုနောက်မှ အိမ်နီးချင်း တရုတ်များနှင့် အခြေအနေကို ဆွေးနွေးတိုင်ပင်၍ ထောက်လှမ်းစုံစမ်းကြရာ ကရင်များဝင်လာခြင်းမှာ မှန်သော်လည်း မည်သည့်နေရာ၌ ဝင်သည်ဟု မသိရ၊ မည်သည့်နည်းနှင့်မဆို ရုံတော်ကြီးသို့ ဝင်လာခြင်းကား မဟုတ် ချေ။

အချိန်အနည်းငယ်ကြာလတ်သော် ပတ်ဝန်းကျင်အခြေအနေ ငြိမ် သက်သည်နှင့် ကျွန်ုပ်တို့သည် ဝါးတန်း၌ရှိသော မိတ်ဆွေ၏တိုက်သို့သွား ကြ၍ မြို့ရှာ အခြေအနေနှင့် ကရင်များအကြောင်းကို ဆွေးနွေးလျက်ရှိကြစဉ် ဘုန်းတော်ကြီးသုံးပါးနှင့် ရဲဘော်နှစ်ယောက်တို့ ဂျစ်ကားတစ်စီးနှင့် လှည့်လည် ဟစ်အော်နေကြသည်ကို တွေ့ရလေ၏။ တစ်ယောက်သော ရဲဘော်က အော်လန်ကြီးနှင့် မတ်တတ်ရပ်လျက် ကြေညာသည်ကား 'မြို့မိ မြို့ဖများခင်ဗျား၊ မန္တလေးမြို့တော်ကြီးမှ အစိုးရတပ်များ ဆုတ်ခွာသွားပြီ

mgyoe.com

mgyoe.com


ဖြစ်၍ ကျွန်တော်တို့ ပြည်သူ့ရဲဘော်များက မြို့တော်ကြီးကို တာဝန်ယူ၍ ထိန်းသိမ်းစောင့်ရှောက်ထားမည် ဖြစ်ပါကြောင်းပါခင်ဗျား'ဟု ကြေညာလေတော့သည်။ သို့ဖြစ်၍ မတ်လ ၁၁ ရက်နေ့ ညနေခင်းအချိန်တွင် မန္တလေးမြို့တော်ကြီးသည် ဖ–ဆ–ပ–လ အစိုးရလက်ဝယ်မှ ပြည်သူ့ရဲဘော် (ဖြူ) များလက်သို့ ပထမအကြိမ် ကူးပြောင်း ကျရောက်ခဲ့လေတော့သည်။

မြန်မာရာဇဝင်၌ (ရွှေဘိုဆက်)ဖောင်းကားစားမင်းသည် ရက်သတ္တတစ်ပတ်ခန့်မျှ အချိန်ကာလ အတောအတွင်း မြန်မာနိုင်ငံတော်ကြီးကို စိုးမိုးအုပ်ချုပ် မင်းလုပ်ခဲ့ရဖူးသဖြင့် အချိန်တိုတောင်းခြင်းအရာဌာနတွင် ထိုမင်းသည် စံချိန်ယူထားသည်ဆိုရာ ပြည်သူ့ရဲဘော်များသည် ဖောင်းကားစား၏စံချိန်ကို ချိုးခဲ့ကြလေပြီ။ အဘယ်ကြောင့်ဆိုသော် ၎င်းမတ်လ ၁၁ ရက်ညအချိန်၌ပင် ကရင်များသည် ထရပ်ကားများစွာနှင့် တောင်ဘက်မျက်နှာမှ ဝင်လာကြ၍ မီးရထားဘူတာရုံကြီး၌ အချို့၊ နန်းတော်အတွင်း၌ အချို့ စစ်စခန်းချလျက်ရှိကြသည်ဟု ကြားကြရသောကြောင့်ပေတည်း။

မေမြို့၌ ကရင်များရှိစဉ်က ကရင်များသည် အရပ်သူအရပ်သားယောကျ်ားမိန်းမနှင့် ကလေးသူငယ်မကျန် ကြမ်းချင်ရမ်းချင်တတ်သည်ဆိုသော ကောလာဟလသတင်းများအတွက်ကြောင့် မန္တလေးမြို့သူမြို့သားများမှာ ကရင်များ ဝင်လာကြပြီဆိုကတည်းက မျက်လုံးမျက်ဆန်ပြူးလျက်ရှိကြလေတော့သည်။ သို့သော် ကရင်များနှင့်အတူ အလံဖြူ အလံနီများလည်း ပါလာကြသည်ဆိုသော သတင်းတစ်ရပ် ပေါ်ထွက်လာရာတွင် ယခင်က ကွန်မြူနစ်ဆိုလျှင် မကြားချင် မကြုံချင်အောင် ကြောက်လန့်ရွံမုန်းခဲ့ကြသော ပစ္စည်းရှင်အတန်းအစား လူများသည်ပင်လျှင် အပြစ်မတင်ချင်အောင် ဖြစ်လာကြလေတော့သည်။ ကွန်မြူနစ်များကြောင့် ကရင်များဝင်နိုင်သည်ဟု စွပ်စွဲချင်တတ်သော လူအနည်းငယ်တို့မှတစ်ပါး မောင်မင်းကြီးသားများ ပါလာပေသဖြင့် ငါတို့ သက်သာရာရပေသည် ဟူသော လေသံများ ပေါ်ထွက်လာလေတော့သည်။

ညဥ့်အချိန်တွင် ဝင်လာကြ၍ နောက်တစ်နေ့နံနက် လင်းသည်နှင့်တစ်ပြိုင်နက် အလံနီ(သခင်စိုး) ကွန်မြူနစ်များနှင့် တပ်နီ(သိန်းသန်း) ကွန်မြူ

mgyoe.com

နစ်များသည် ရပ်ကွက်များအထဲတွင် မော်တော်ကားတဝီဝီနှင့် လှုးလာခတ်စပြုလာကြလေရာ နန်းထဲတွင် ကရင်နယ်ထား၍ မြို့၏အပိုင်းတွင် (မြန်မာအချင်းချင်းဖြစ်သော)ကွန်မြူနစ်များက ကြီးစိုးအုပ်ချုပ်ကြမည်ဆိုသောကြောင့် မြို့သူမြို့သားများမှာ ကောင်းပါလေရဲ့ဟု အောက်မေ့မိကြ၏။ သို့သော် ၎င်းတို့ ဆိုက်ရောက်လာ၍ ဌာနရုံးစိုက်ရန်အတွက် အဆောက်အအုံလုကြရာတွင် အလံနီနှင့်တပ်နီတို့ ကတောက်ကဆ စကားများကြသည်ဆိုသဖြင့် မြို့သားများမှာ သို့လော၊ သို့လောဖြင့် အမျိုးမျိုး တွေးတောကာစိတ်တနွေးနွေး ဖြစ်ခဲ့ကြရပေတော့သည်။

မတ်လ ၁၄ ရက်နေ့ညတွင် ကျွန်ုပ်တို့၏အကျိုးကို လိုလားသောမိတ်ဆွေတစ်ဦးက လာရောက်ပြောပြသော သတင်းတစ်ခုအတွက်ကြောင့်ကျွန်ုပ်တို့မှာ အတော်ကလေး စိတ်ပူနွေးခဲ့ရသေး၏။ ထိုသတင်းမှာ ကရင်ခေါင်းဆောင် ဗိုလ်စောစံထွန်းသည် မြို့ပေါ်မှ လူကြီးအချို့နှင့် တွေ့ဆုံဆွေးနွေးရာတွင် လူထုသတင်းစာက ကရင်များသည် မေမြို့၌ ကလေးသူငယ်များနှင့် မိန်းမများကို ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်သည်ဟု ထည့်သွင်းဖော်ပြကြောင်း၊ သို့ဖြစ်၍ လူထုသတင်းစာ အယ်ဒီတာနှင့် တိုက်ရှင်တို့ကို တွေ့လိုကြောင်းနှင့် ပြောပြသည်ဆို၏။

ကျွန်ုပ်တို့သည် ကရင်များ၏အပြုအမူနှင့်ပတ်သက်၍ အထက်ပါနည်းအတိုင်း ရေးသားခဲ့ဖူးခြင်းမရှိသည်မှန်သော်လည်း သတင်းခန်း၌မတော်တဆ ပါရှိလျှင် ပါရှိနိုင်မည့်ပြင် ထိုအချိန်အခါ၌ ကရင်ဗိုလ်တစ်ယောက်သည် ကျွန်ုပ်တို့ကဲ့သို့သော သတင်းစာအယ်ဒီတာတစ်ယောက်ကိုသာမက တစ်ဖွဲ့လုံးကို သုတ်သင်လိုခဲ့လျှင် အလွယ်တကူ သုတ်သင်နိုင်သည်ဖြစ်ပေရကား ၎င်းသတင်းသည် ကျွန်ုပ်တို့အဖို့ ဘယ်မျှလောက် စိုးရိမ်ဖွယ်သော ဘေးအန္တရာယ်ကြီး ဖြစ်နေသည့်အကြောင်းကို အထူးဖော်ပြရန်လိုမည် မထင်ပေ။

ကျွန်ုပ်တို့အဖို့မှာ ထိုစဉ်အခါက မြို့သူမြို့သားများအား ကြိမ်ဖန်များစွာ သတိပေးနှိုးဆော်ခဲ့ဖူးသည့်အတိုင်း မေတ္တာတရားသည်သာလျှင် ကိုးကွယ်ရာရှိတော့သည့်အလျောက် နေ့ရောညဥ့်ပါ ကြိမ်ဖန်များစွာ သတ္တဝါ

mgyoe.com

mgyoe.com


အပေါင်းတို့၏ အချင်းချင်း ချစ်ခင်ရေးနှင့် ဘေးရန်ကင်းဝေးဖို့အရေးကို ဆုတောင်းမေတ္တာ ပို့သခဲ့ပါ၏။ ထိုအချိန်မှသာလျှင်မဟုတ်၊ ကရင်များ ဝင်လာတော့မည်ဆိုကတည်းက ကိုယ်တိုင်လည်း မေတ္တာပို့၍ သူတစ်ပါးတို့ အားလည်း တိုက်တွန်းနှိုးဆော်ခဲ့ပါ၏။ သို့သော် မေတ္တာလည်းပို့စေ၊ တတ်နိုင်သရွေ့လည်း တိမ်းရှောင်စေဟု သဘောပိုက်ပြီးလျှင် မတ်လ ၁၅ ရက်နေ့မှစ၍ နေ့အချိန်များတွင် နေအိမ်၌မနေဘဲ မိတ်ဆွေများ၏နေအိမ်တွင် ပုန်းလျှိုးနေထိုင်ခဲ့ရပါသည်။ သို့သော် အကယ်၍ ကရင်ဗိုလ်က နေအိမ်သို့လာရောက်ပြီးလျှင် ကျွန်ုပ်တို့ကို ရှာမတွေ့ပါက အိမ်သူအိမ်သားများကို ညှဉ်းပန်းနှိပ်စက်ခြင်းပြုမည်ဆိုပါမူကား ကျွန်ုပ်တို့ကိုယ်တိုင် လိုက်ပါ ရှင်းလင်းနိုင်စေခြင်းငှာ ကျွန်ုပ်တို့ထံ လာရောက်ခေါ်ယူကြဖို့ အိမ်သူအိမ်သားများကို မှာထားခဲ့ပါသည်။ သို့သော် ကျွန်ုပ်တို့၏ မေတ္တာအစွမ်းကြောင့်ပေလော မဆိုနိုင်၊ ကရင်ဗိုလ်သည် ထိုကိစ္စကို လုံးဝ မေ့လျော့သွားဟန်ဖြင့် ကျွန်ုပ်တို့ကို ရှာဖွေခြင်း မပြုတော့ချေ။ ၅ ရက်ခန့်မျှ နေအိမ်မှ တိမ်းရှောင်နေပြီးနောက် မေ့လောက်ပြီဆို၍ ကျွန်ုပ်တို့မှာ အိမ်သို့ ပြန်လာခဲ့ပါတော့သည်။

ထိုရက်များ အတောအတွင်း၌ တပ်နီနှင့် အလံနီတို့သည် စည်းလုံးညီညွတ်ခြင်း ရှိကြဟန်မတူဘဲ အလံနီများသည် ရပ်ကွက်များတွင် ကားကြီးကားငယ်တို့ဖြင့် လှည့်လည်ကာ ဝါဒဖြန့်ခြင်းအလုပ်ကို ဆောင်ရွက်ကြပါသည်။ စင်စစ်မှာ ဝါဒဖြန့်ခြင်းအလုပ်တွင် အလံနီများသည် တပ်နီများထက် ကြိုးစားသည်ကို တွေ့ရပေသည်။ နှစ်ဦးနှစ်ဖက်လုံးတို့သည် ဆင်းရဲသားများအား ဆန်ဝေခြင်းအားဖြင့် ဝါဒဖြန့်ခဲ့ကြသော်လည်း ဓနရှင်ပိုင်း၌မူကား အလှူငွေကောက်ခံမှုနှင့်ပတ်သက်၍ နာမည်ပျက်သောအသံများ ပေါ်ပေါက်ခဲ့ပေတော့သည်။

ဧပြီလ ၁ ရက်နေ့ နံနက်စောစော၌ မြို့သူမြို့သားများသည် အိပ်ရာမှထလာကြသည်နှင့်တစ်ပြိုင်နက် သေနတ်သံများ ကြားကြရသဖြင့် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်နေကြစဉ် အလံနီနှင့် တပ်နီတိုက်ကြသည်ဆိုသော သတင်းတစ်ရပ် ပေါ်ထွက်လာသဖြင့် အံ့အားသင့်လျက် ရှိကြ၏။ နိုင်ငံရေးအဝါးဝသော ရပ်ကွက်များ၌ ၎င်းသတင်းသည် အထူးအဆန်း

mgyoe.com